


တစ်နေ့တစ်နေ့မှာ သေဆုံးကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့သည်ကား ငါ၏ လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန်နည်းလှကုန်၏။ (ဗုဒ္ဓ)

# ဓမ္မသင်တန်း အမှတ်စဉ် {၂၇}

၁၁. ၀၆. ၂၀၁၁၊ စနေနေ့၌ သင်တန်းသူ/သား (၁၃)ဦး တက်ရောက်ကြပါတယ်။ အပါယဘူမိ-ခေါ် ဒုက္ခမျိုးစုံတဲ့ အပါယ်ဘုံနှင့် အပါယ်ဘုံတို့သို့ ရောက်ကြောင်းများကို ဆရာတော်မှ ရှင်းပြပေးပါတယ်၊ ဆရာတော် သင်တန်းပေးထားခဲ့တာ အချိန်တွေ ရက်တွေ ကြာလှပေမဲ့ အကြောင်းမညီညွတ်လို့ စာမရေးဖြစ်သည်ကို နားလည်ခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါတယ်။ ဒီတစ်ပတ် စာကလဲ တော်တော်ရှည်လို့ သီးခံဖတ်ကြပါလို့လဲ ထပ်ဆင့် မေတ္တာရပ်ပါတယ်။ သင်တန်းတက်ရောက်ကြတဲ့ သင်တန်းသားအားလုံးကလဲ သဘောပေါက်အောင် အထပ်ထပ် ဖတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

အပါယဘူမိကို အပါယ်ဘုံလို့ ခေါ်ရပါတယ်။ အပါယ-ကို၊ အပ+အယ၊ လို့ နှစ်ပုဒ်ခွဲပြီး မှတ်ကြပါ၊ အယ-ဆိုတဲ့ပုဒ်က လူ, နတ်, နိဗ္ဗာန်,ချမ်းသာဆိုတဲ့ သမ္ပတ္တိသုံးမျိုးဖြစ်ကြောင်း ကောင်းမှုကုသိုလ်ကို ယူရပါတယ်။ အပ-ဆိုတဲ့ပုဒ်က ကင်းသည်လို့ အဓိပ္ပါယ်ရပါတယ်။ နှစ်ပုဒ်တွဲတော့- ကုသိုလ်ကောင်းမှုကင်းသည်-ပေါ့။ အဲဒါကြောင့် အပါယဘူမိ-အပါယ်ဘုံဆိုတဲ့ အနက်အဓိပ္ပါယ်က ကုသိုလ်ကောင်းမှုမှ ကင်းသော သို့မဟုတ် ကုသိုလ်ကောင်းမှု ပြုခွင့် များစွာမရသော အကုသိုလ်တို့သာ များပြားလှသော သတ္တဝါတို့၏ ဖြစ်ရာအရပ်လို့ မှတ်ထားကြပါ၊ ထိုအရပ်ကို အပါယ်ဘုံ. အပါယ်ဘ၀.လို့ ခေါ်ရပါတယ်။

ထိုအပါယ်ဘုံ အပါယ်ဘ၀ အပါယ်သတ္တဝါတို့သည် ရေတွက်မနိုင်အောင် များလှပါတယ်၊ လူဘုံ နတ်ဘုံ ဗြဟ္မာဘုံဟူသော သုဂတိ နှစ်ဆယ့်ခုနစ်ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါ အသချေ်ယျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ နှစ်ဆယ့်ခုနစ်ဘုံတို့မှ လူ, နတ်, ဗြဟ္မာများ ကုန်သွားသော်လဲ အပါယ်လေးဘုံရှိ သတ္တဝါတို့သည်ကား မကုန်သေးဟု, ဤသို့ အပါယ်ဘုံ အပါယ်သတ္တဝါတို့၏ အသိုက်အအုံ ကြီးကျယ်ပုံများကို ဒေသနာတို့၌ တွေ့ရပါတယ်။

နခသိခသုတ် အလိုပြောရပါလျှင် မြတ်စွာဘုရားရှင်သည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူ၍ ရဟန်းတော်တို့ကို ဤသို့ မိန့်တော်မူဘူးပါတယ်။ ချစ်သားရဟန်းတို့.. မဟာပထဝီ မြေကြီးရှိ မြေမှုန့်တို့နှင့် ငါ၏ လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်တို့သည် အဘယ်အရာက များပါသနည်းဟု မေးတော်မူပါတယ်။ လက်သည်းတော်ပေါ်ရှိ မြေမှုန့်တို့သည်ကား အလွန်နည်းလှပါသည်၊ မဟာပထဝီ မြေမှုန့်တို့သည်ကား အလွန်များလှပါသည်ဟု ရဟန်းတော်များက လျှောက်ထားကြသော်... ရဟန်းတို့ ထို့အတူလျှင် တစ်နေ့တစ်နေ့မှာ သေဆုံးကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့သည်ကား ငါ၏ လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန်နည်းလှကုန်၏၊ အပါယ်လေးဘုံတို့သို့ ရောက်ကြကုန်သော သတ္တဝါတို့ကား မဟာပထဝီမြေကြီးရှိ မြေမှုန့်တို့ကဲ့သို့ အလွန်များလှပေကုန်၏ဟု မြတ်စွာဘုရားရှင် ဟောကြားတော် မူခဲ့ပါတယ်။

ကာဏကစ္ဆ ပေါပမ- သုတ်တော်အရ ဆိုရပါမူ.. မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ခေါ်တော်မူ၍ ချစ်သားရဟန်းတို့.. မဟာသမုဒ္ဒရာ၌ မျက်စိနှစ်ဖက် အစုံပျက်နေသော လိပ်ငယ်တစ်ကောင်သည် သမုဒ္ဒရာအတွင်း၌ ရောက်မိရောက်ရာ သွားလျှက်နေပါ၏၊ အနှစ်တစ်ရာမှ တစ်ခါ, အနှစ်တစ်ထောင်မှ တစ်ခါ, ရေပေါ်သို့ ပေါ်လာတတ်၏။ ထို မဟာသမုဒ္ဒရာ၌ပင် အပေါက်တစ်ခုသာရှိသော ထမ်းပိုးတုန်း တစ်ခုသည်လဲ လေဆောင်ရာ လှိုင်းဆောင်ရာ မျောပါးလွင့်ပါလျှက် နေပါတယ်။ အနှစ်တစ်ရာ အနှစ်တစ်ထောင်မှ တစ်ခါသာပေါ်လာသော လိပ်ငယ်၏ ဦးခေါင်းကို ထိုထမ်းပိုးအပေါက်၌ စွပ်မိနိုင်ရာသော အခွင့်သည် ရှိနိုင်ပါမည်လောဟု မြတ်စွာဘုရားရှင် မေးတော်မူပါတယ်။

စွပ်မိနိုင်ရာသော အခွင့်မရှိနိုင်ပါဘုရား၊ သို့သော်လည်း ကပ်ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာလှသည်ဖြစ်၍ လိပ်ငယ်ကလဲ မသေမပျောက်ပါမူကား၊ ထမ်းပိုးကလဲ မပုပ်မဆွေးပါမူကား တစ်ရံတစ်ခါ စွပ်မိနိုင်ရာသော အခွင့်အလမ်း ရှိပါ၏ဟု ရဟန်းတော်များက လျှောက်ထားကြပါတယ်။ ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းတို့.. လိပ်ကာဏ်း ထမ်းပိုးစွပ်မိရာသော အခွင့်သည် အလွန်ပင် လွယ်လှပါသေး၏၊ ဤသုဂတိဘုံမှ အပါယ်ဘုံတို့သို့ တစ်ကြိမ်တစ်ခါ ကျရောက် သွားသောသူသည် ဤသုဂတိဘုံသို့ တစ်ဖန်ပြန်လာရန် အခွင့်သည် ထို့ထက်အဆ အရာမက, အထောင်မက, ခဲယဉ်းလှပါ၏လို့ မိန့်တော်မူပါတယ်။

အပါယ်ဘုံတို့သည်ကား တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းစသော သုစရိုက်မျိုးဟူ၍မရှိ၊ နိုင်ရာနိုင်ရာ သတ်ဖြတ်ညှင်းဆဲ၍ စားသောက်ခြင်း အစရှိသော ဒုစရိုက်မှုတို့သာရှိပြီး၊ ကုသိုလ်မှန်း အကုသိုလ်မှန်းပင် မသိနိုင်ကြ၊ အသက်ရှည်သမျှ ကာလပတ်လုံး ဒုစရိုက်မှု ဒုက္ခအစုတို့နှင့်သာ ပြည့်နက်လျှက် နေကြရသဖြင့် တစ်ဘဝပြီး တစ်ဘဝ၊ မြုပ်၍မြုပ်၍ နစ်၍နစ်၍သာ သွားကြရပါတယ်၊ သတိသံဝေဂ ထားစရာပါ။ ထို့ကြောင့် လိပ်ကာဏ်း ထမ်းပိုး စွပ်မိဖို့ထက် ဤအပါယ်ဘုံ အပါယ်ဌာနတို့သို့ တစ်ကြိမ်ကျရောက်သော သူတို့၏ဘဝသည် တစ်ဘဝထက် တစ်ဘဝ ဂန်လေး၍ ဂန်လေး၍သွားသော အကုသိုလ် အသစ်အသစ်တို့ အတွက်နှင့် တစ်ဘဝထက် တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြရသဖြင့် ဤသုဂတိဘုံသို့ တစ်ဖန်ပြန်လာရန် အခွင့်သည် ထို့ထက်အဆ အရာမက အထောင်မက ခဲယဉ်းလှလို့

ဂင်ပေါက်သာရှိ ထွက်ပေါက်မရှိ၊ ကျပေါက်သာရှိ တက်ပေါက်မရှိ၊ မြုပ်ပေါက်သာရှိ ပေါ်ပေါက်မရှိ၊ စုန်ပေါက်သာရှိ ဆန်ပေါက်မရှိသော ဒုဂ္ဂတိဘုံများသာ ဖြစ်ကြောင်းကို မိန့်တော်မူပါတယ်။

ထို-အပါယ်ဘုံသား သတ္တဝါများမှာ၊ (၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) အသုရကာယ်၊ လို့ လေးမျိုးလေးစား ရှိပါတယ်။ ထိုလေးမျိုးထဲမှ ငရဲ-ဆိုတာကို ရှေးဦးစွာ ကြည့်ကြရအောင်။ ငရဲဆိုတာ ဘယ်မှာလဲ၊ ဘယ်လိုသတ္တဝါမျိုးပါလဲ၊ ငရဲကို ဘာကြောင့် ကျရောက်ကြပါသလဲ-စတဲ့ မေးစရာ မေးခွန်းတွေ ရှိနိုင်တဲ့ ငရဲ၏ ဒုက္ခဆင်းရဲကို ဘုရားရှင်တို့၏ ဉာဏ်တော်မြတ်ဖြင့် ဟောပြလို့လဲ ကုန်နိုင်ဖွယ်ရာမရှိ၊ များလွန်းတယ်လို့ ဆိုပါတယ်။

(၁) နိရယ-ကို၊- နိ+အယ၊ နှစ်ပုဒ်ခွဲ။ အယ-ဆိုတာ ချမ်းသာသုခဟူသော အနက်ကို ဟောပါတယ်၊ နိ-မရှိ။ နိရယ=ချမ်းသာသုခမရှိ။ ချမ်းသာသုခ ရခွင့်မရှိလို့ နိရဲ၊ သို့မဟုတ်. ငရဲ-လို့ ခေါ်ပါတယ်၊ ကောင်းမှုကုသိုလ် လုံးဝပြုလုပ်ခွင့် ရခွင့်မရှိတဲ့ အရပ်၊ မကောင်းကျိုးသက်သက် ခံစားရတဲ့ နေရာလို့ပြောလျှင် ရပါတယ်။ ထိုငရဲသည် ရှစ်မျိုးရှိသလို တည်နေရာအားဖြင့်လဲ ရှစ်ဆင့် ရှိပါတယ်၊ ကျရောက် ခံစားရမှုမှာလဲ တစ်နေရာနဲ့ တစ်နေရာ မတူညီကြပါဘူး၊ ကံ၏အစွမ်းဖြင့်သာ ကျရောက်၍ ကံ၏အစွမ်းဖြင့်သာ ခံစားရသော နေရာမျိုးပါ။

ငရဲကြီး-ရှစ်မျိုးဆိုတာ (၁) သဥ္ဇိဝ်၊ (၂) ကာဠသုတ်၊ (၃) သံဃာတ၊ (၄) ရောရုဝ၊ (၅) မဟာရောရုဝ၊ (၆) တာပန၊ (၇) မဟာတာပန၊ (၈) အဝီစိ၊ လို့ ခွဲသိထားပါ။ ကမ္ဘာမြေကြီးက ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိပါတယ်၊ အောက်-တစ်သိန်းနှစ်သောင်းမှာ ကျောက်မြေဖြစ်၍ အထက် တစ်သိန်းနှစ်သောင်းသည် ပကတိ မြေသားများ ဖြစ်ပါတယ်၊ ငရဲကြီး ရှစ်ထပ်သည် အပေါ်မြေဖြစ်တဲ့ ယူဇနာ နှစ်သိန်းလေးသောင်းမှာ တည်ရှိနေပါတယ်။ (၁) သိဥ္ဇိဝ်ငရဲသည် ကမ္ဘာမြေပြင်၏ ယူဇနာပေါင်း တစ်သောင်းငါးထောင်၊ မိုင်အားဖြင့် တစ်သိန်းနှစ်သောင်း၌ စ၍တည်ရှိပြီး၊ ကျန်သောငရဲတို့သည်လဲ ယူဇနာပေါင်း တစ်သောင်းငါးထောင်စီ ကွာခြားလျက် အထက်အောက် တည်နေပါတယ်၊ ငရဲအားလုံးသည် ယူဇနာပေါင်း တစ်သောင်း-မိုင်ပေါင်းရှစ်သောင်း ကျယ်ပြန့်ပါတယ်၊ ဤရှစ်ထပ်၌ (၁) ဘင်ပုတ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) လက်ပံတောငရဲ၊ (၄) သန်လျက်ရွက်တောငရဲ၊ (၅) ကြိမ်ပိုက်ချောင်း ငရဲလို့ "ဥဿဒ" ခေါ်သော ငရဲငယ် ငါးထပ်က တံတိုင်းခတ်ထားသလို ရံပတ်ပြီးလဲ နေတယ်လို့ ဒေဝဒူတ-သုတ်တော်မှာ အဆိုရှိပါတယ်။

ပထမ သိဥ္ဇိဝ်ငရဲ၏ သက်တမ်းက နှစ်ပေါင်းငါးရာ ရှည်ကြာပါတယ်။ လူတို့၏သက်တမ်း ကိုးသန်းဖြစ်မှ ထိုငရဲ၏အသက်က တစ်ရက်မျှသာ ရှိပါသေးတယ်၊ ထိုငရဲသက် ငါးရာကို လူသက်တမ်း နှစ်အရေအတွက်က ကုဋေပေါင်း တစ်သိန်း ခြောက်သောင်း နှစ်ထောင် ကြာရှည်ပါတယ်။ ဒုတိယ-ကာဠသုတ် ငရဲ၏ အသက်က၊ ပထမ-သိဥ္ဇိဝ် ငရဲသက်ကို လေးဆတက်ရပါမယ်၊ နှစ်ပေါင်းနှစ်ထောင် ရှိပါတယ်။ တတိယ-သံဃာတ ငရဲကိုလဲ လေးဆတက်လျှင် ရှစ်ထောင်ရှိပါတယ်၊ ဒီလိုပါပဲ ငရဲတစ်ထပ်နဲ့ တစ်ထပ်မှာ လေးဆ-လေးဆစီ တက်သွားလျှင် ကျန်သော ငရဲတို့၏ သက်တမ်းများ အသီးသီး ရကြပါမယ်။

(၁) သဉ္ဇိုင်းငရဲသည်.. ကမ္ဘာမြေပြင်၏ ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဉမင်ကြီး၌ တည်ရှိပါတယ်၊ အလျှံပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသချေ်ယျ အနန္တမျှသော ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ ငရဲထိန်းတို့သည် ထန်းလုံးခန့် ပမာဏရှိသော အလျှံပြောင်ပြောင် မီးတောက်လောင်လျှက် ထက်မြက်စူးရှတဲ့ လက်နက်ဓားလှံတို့ဖြင့် ပစ်ခတ်ထိုးသတ် ရိုက်ပုတ်ကြကုန်၍ ငရဲကျသူ သတ္တဝါတို့ကို ဦးခေါင်းအပိုင်းပိုင်း ပြတ်အောင်၊ လည်ပင်း အပိုင်းပိုင်းပြတ်အောင်၊ ခြေအပိုင်းပိုင်း ပြတ်အောင်ပြုကြတယ်၊ သံမြေပြင်မှာ လဲကျတဲ့ ငရဲသတ္တဝါတို့ကို မီးတောက်မီးလျှံ ထနေတဲ့ သံတင်းပုတ်တို့ဖြင့် အရေ-အသား အရိုးတို့ ကြေမွကုန်သည်အထိ၊ သွေးချောင်း စီးသည်အထိ ထုနက် ရိုက်ပုတ်ကြတယ်၊ သံမြေပြင်မှ ထသောမီးတို့သည် ငရဲသားကို ပြာမှုန့်မျှ အကြွင်းအကျန်မရှိ လောင်ကျွမ်းလျှက် ပျက်စီးစေပါတယ်၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသချေ်ပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၂) ကာဠသုတ်ငရဲသည်.. သဉ္ဇိုင်း-ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဉမင်ကြီး၌ တည်ရှိပါတယ်၊ အလျှံပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသချေ်ယျ အနန္တမျှသော ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ ငရဲထိန်းတို့သည် ထန်းလုံးခန့် ပမာဏရှိသော အလျှံပြောင်ပြောင် မီးတောက်လောင်လျှက် ထက်မြက်စူးရှတဲ့ လက်နက်ဓားလှံတို့ဖြင့် ပစ်ခတ်ထိုးသတ် ရိုက်ပုတ်ကြကုန်၍ သံမြေပြင်ပေါ် လဲလျှက် မလှုပ်မယှက်နိုင်အောင် ထန်းလုံးခန့်ရှိသော သံတံသင်းတို့ဖြင့် လက်နှစ်ဖက် ခြေနှစ်ဖက်နှင့် ရင်တို့ကို မလှုပ်မရှားနိုင်အောင် သတ်ရိုက်ပါတယ်၊ ခန္ဓာကိုယ်မှာ သံမျဉ်းကြိုးတို့ဖြင့် အစင်းအစင်း မျဉ်းကြောင်းများစွာချလျှက် အိမ်၏အမိုး တစ်ခြမ်းပမာဏရှိတဲ့ ပဲခွပ်သွား ပုဆိန်သွား ဓားမသွားတို့ဖြင့် သုံးဂါဝုတ်ရှိသော ခန္ဓာကိုယ်ကို ရှစ်မြှောင့် တစ်ဆယ့်ခြောက်မြှောင့် ပြု၍ အရိုးမကျန်သည်ထိအောင် အလွှာလွှာ ခုတ်ချကြပါတယ်၊ သံမြေပြင်မှ ထသောမီးတို့သည် ငရဲသားကို ပြာမှုန့်မျှ အကြွင်းအကျန်မရှိ လောင်ကျွမ်းလျှက် ပျက်စီးစေပါတယ်၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသချေ်ပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၃) သံဃာတငရဲသည်.. ကာဠသုတ်-ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဉမင်ကြီး၌ တည်ရှိပါတယ်၊ အလျှံပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသချေ်ယျ အနန္တမျှသောငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ အောက်သံမြေပြင် အတွင်း၌ ခါးသို့တိုင်အောင် မြှုပ်စေ၍ အရပ်လေးမျက်နှာတို့မှ အလျှံပြောင်ပြောင် မီးတောက်ကုန်သော သံတောင်ကြီး လေးလုံးတို့သည် အလွန်ပြင်းထန်သော အသံတို့ကို မည်ကုန်လျှက် အရှေ့အရပ်မှ သံတောင်ကြီးသည်

အနောက်အရပ်သို့ အနောက်အရပ်မှ သံတောင်ကြီးသည် အရှေ့အရပ်သို့ တောင်အရပ်မှ သံတောင်ကြီးသည် မြောက်အရပ်သို့ မြောက်အရပ်မှ သံတောင်ကြီးသည် တောင်အရပ်သို့ လိမ့်လျှက် လည်ပတ်လျှက် ထိုငရဲ သတ္တဝါတို့ကို မှုန့်မှုန့်ညက်ညက် ကြေကုန်သည်အထိ၊ သွေးချောင်းစီးသည်အထိ ဖိနင်းကြိတ်ဂါး ပစ်ကြပါတယ်။ သံမြေပြင်မှ ထသောမီးတို့သည် ငရဲသားကို ပြာမှုန့်မှု အကြွင်းအကျန်မရှိ လောင်ကျွမ်းလျှက် ပျက်စီးစေပါတယ်၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၄) ရောရုဝငရဲသည်.. သံဃာတ-ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်ရှိပါတယ်၊ အလုံ့ပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသင်္ချေယျ အနန္တမျှသော ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ အလွန်ပူလောင်တဲ့ အခိုးလုံ့တွေ ထနေတဲ့ ငရဲပါ။ တောင်၏အတွင်းသို့ စီးဝင်သော ချောင်းမြောင်းကဲ့သို့ ပူလောင်ပြင်းထန်တဲ့ အခိုးအငွေ့တို့သည် ငရဲကျသူတို့၏ ခန္ဓာကိုယ်တွင်းသို့ ဒွါရကိုးပေါက်မှ စီးဝင်ပါတယ်၊ ထိုအခိုးအငွေ့တို့သည် ငန်လွန်းသည့် အတွက်ကြောင့် တကိုယ်လုံး၌ အနာတို့ကို ဆားရေလောင်းသကဲ့သို့၎င်း၊ အိုး၌ထည့်၍ ရှားမီးခဲပေါ် နှိပ်လျှက် တင်ထားသော အသားတုံးကဲ့သို့၎င်း၊ ပူလောင်ပြင်းထန်တဲ့ ဒုက္ခနဲ့ မခံမရပ်နိုင်သော အသံတို့ဖြင့် အော်ဟစ်ငိုကြွေးလျှက် နေရပါတယ်၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၅) မဟာရောရုဝ ငရဲသည်.. ရောရုဝ-ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်ရှိပါတယ်၊ အလုံ့ပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသင်္ချေယျ အနန္တမျှသော ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ အလွန်ပူလောင်တဲ့ မီးတောက်မီးလုံ့တွေ ထနေတဲ့ ငရဲပါ။ တောင်၏အတွင်းသို့ စီးဝင်သော ချောင်းမြောင်းကဲ့သို့ ပူလောင်ပြင်းထန်တဲ့ မီးတောက်တို့သည် ငရဲကျသူတို့၏ ခန္ဓာကိုယ်တွင်းသို့ ဒွါရကိုးပေါက်မှ စီးဝင်ပါတယ်၊ ထိုမီးတောက်တို့သည် ပူလောင်မှု ပြင်းလွန်းသည့် အတွက်ကြောင့် အိုး၌ထည့်၍ ရှားမီးခဲပေါ် နှိပ်လျှက် တင်ထားသော အသားတုံးကဲ့သို့၊ တဖျစ်ဖျစ်မည်ကာ ပူလောင်ပြင်းထန်တဲ့ ဒုက္ခနဲ့ မခံမရပ်နိုင်သော အသံတို့ဖြင့် အော်ဟစ်ငိုကြွေးလျှက် နေရပါတယ်၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၆) တာပန ငရဲသည်.. မဟာရောရုဝ ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်ရှိပါတယ်၊ အလုံ့ပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသင်္ချေယျ အနန္တမျှသော

ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ ထိုငရဲ၌ ကျရောက်သော ငရဲသား သတ္တဝါတို့သည် ဦးခေါင်းမှ အောက်ဒွါရ တိုင်အောင်၎င်း၊ ဘယ်ဖက်နံပါးမှ ညာဖက်နံပါး ပေါက်သည့်တိုင်အောင်၎င်း မီးတောက်မီးလျှံ ထနေသော သံတံကျင်တို့ဖြင့် များစွာတင်လျှိုလျက် ထားသည်ဖြစ်၍ တစ်ခုသော ကိုယ်လက်အင်္ဂါသည် လှုပ်ရှားခြင်းကိုမျှ ပြုခြင်းငှါ မတတ်နိုင်ပဲ သံမြေပြင်မှ၎င်း၊ သံတံကျင်တို့မှ၎င်း မီးတောက်မီးလျှံတို့ဖြင့် လောင်မြိုက်လျှက် အမြဲလျှင် ဒုက္ခကြီးစွာ ခံစားနေရပါတယ်။ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာသည်အထိ အဖန်ဖန် ဘဝအသစ်ဖြစ်လျှက် ခံနေကြရပါတယ်။

(၇) မဟာတာပန ငရဲသည်.. တာပန-ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်ရှိပါတယ်၊ အလျှံပြောင်ပြောင် မီးတောက်လောင်သော သံမြေပြင်လဲ ရှိပါတယ်၊ အသင်္ချေယျ အနန္တမျှသော ငရဲသူ/ငရဲသား သတ္တဝါတို့ဖြင့် ပြည့်လျှက် ရှိတယ်လို့ ဆိုပါတယ်။ ဤငရဲကြီး၌ အလျှံပြောင်ပြောင် မီးတောက်လောင်ကုန်သော အလွန်မြင့်မားသော သံတောင်ကြီးတို့ရှိ၍၊ ထန်းတောကြီးသဏ္ဍာန် ပေတောကြီးသဏ္ဍာန် အဖျားချွန်လျှက် အလွန်ထက်သော မီးအလျှံတောက်နေတဲ့ သံတံစို့ သံတံကျင် သံချွန်ကြီးတို့ ပြည့်နက်လျှက် စိုက်ထူထားပါတယ်။ ငရဲထိန်းတို့သည် ကျရောက်လာတဲ့ ငရဲသား သတ္တဝါကို ထို သံတောင်ကြီးများပေါ်သို့ ရိုက်နှက်ပုတ်ခတ်လျှက် အတက်ခိုင်းပါတယ်၊ တောင်ထိပ်သို့ ရောက်သောအခါ ပြင်းထန်စွာ တိုက်ခတ်လာကုန်သော လေတို့သည်၊ ငရဲကျ သတ္တဝါတို့ကို ပြုတ်ကျသည့်တိုင်အောင် တိုက်လွှင့်ပါတယ်၊ တံခွန်တိုင်တို့၏ အဖျား၌ စွပ်၍ထားသော နဂါးရုပ် ဟသာၤရုပ်တို့ကဲ့သို့ တောင်ခြေ၌ စိုက်ထူထားသော သံတံကျင်တို့ အပေါ်သို့ ဦးခေါင်းစောက်ထိုးကျ စွပ်ဝင်လျှက် မမြင်ပုံ့ မရှုပုံ့ တလွန့်လွန့် တလက်လက်တွေဖြစ်၍ ဒုက္ခကြီးစွာ ခံနေကြရပါတယ်။

ငရဲထိန်းတို့သည် အလျှံပြောင်ပြာင် မီးတောက်လောင်သော လက်နက်တို့ဖြင့် အောက်သံမြေပြင်ပေါ်သို့ ကျအောင် ထိုးချကြပါတယ်၊ တဖန်ရိုက်နှက် ပုတ်ခတ်၍ အလျှံပြောင်ပြောင် မီးတောက်လောင်လျှက် အလွန်မြင့်မားသော သံတောင်ကြီးတို့ပေါ်သို့ တက်စေပါတယ်၊ တောင်ထိပ်သို့ ရောက်ပြန်လျှင် ပြင်းထန်သော လေတို့သည် တိုက်လွှင့်၍ သံတံစို့ကြီးများပေါ်သို့ ကျရောက်ကြ ပြန်ပါတယ်။ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာသည်အထိ အဖန်ဖန် ခံနေကြရပါတယ်။

(၈) အဝီစိ ငရဲသည်.. မဟာတာပန ငရဲ၏အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်၌ အနက်-ယူဇနာတစ်ရာ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်ရှိပါတယ်။ လေးဖက်လေးတန်တို့ ကိုးယူဇနာအထုရှိသော သံတံတိုင်းကြီးများ ခတ်ထားလျှက် အထက်နှင့် အောက်တို့၌လဲ ကိုးယူဇနာ အထုရှိသော သံပြားကြီးများ ပိတ်ဆို့လျှက် လေးဖက်-လေးမျက်နှာတို့၌ ဝင်ရာထွက်ရာ တံခါးပေါက်တစ်ခုစီ ရှိပါတယ်။ အောက် သံမြေပြင်မှ၎င်း၊ အထက် သံအမိုးမှ၎င်း၊ လေးဖက်

သံတံတိုင်းတို့မှရှင်း၊ ထွက်ကုန်သော ငရဲမီးအလျှံတို့သည် အတွင်းသို့ရှင်း၊ အပြင်သို့ရှင်း၊ ယူဇနာတစ်ရာအထိ လက်တစ်သစ်မျှ ကွက်လပ်မရှိ ပြန့်နှံ့ ပူလောင်စေပါတယ်။

အဂီစိငရဲ၌ ကျရောက်နေရသော ငရဲသား သတ္တဝါတို့သည် သံသေတ္တာကြီး အတွင်း၌ အပြည့်သိပ်နက်ထည့်ထားအပ်သော မုန့်ညင်းစေ့များကဲ့သို့ အကြားအလပ်မရှိ ငရဲသားတို့ ပြည့်နေလျှက် တိမ်းရှောင်တိုးဝှေ့စရာမရှိပဲ ငရဲမီးတို့၏ လောင်မြိုက်ခြင်းကို ခံစားနေရလျှက် အတွင်းအပ ကိုယ်ခန္ဓာတစ်ခုလုံးတို့၌ရှင်း၊ ထို အဂီစိငရဲသို့ ကျရောက်သော ခဏမှစ၍ အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေ အသက်ရှည်သမျှ ကာလအတွင်း၌ အလွန်ပြင်းထန်သော ဒုက္ခ, ဒေါမနဿတို့မှ လစ်လပ်သော အခွင့်ဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိပါပဲ၊ အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ကမ္ဘာရှည်ကြာသည်အထိ ခံနေကြရပါတယ်။ ( ငရဲအကြောင်း တစ်စေ့တစ်စောင်း သိရခြင်းသည်၊ သံဝေဂ ဖြစ်ဖွယ် ကောင်းလှပါပေစွ)

ငရဲသူ/သား သတ္တဝါတို့သည် အကုသိုလ်ကံ မကုန်သေးပါက အရံငရဲဖြစ်သော ဥဿဒ-ငရဲ (၅)မျိုးသို့ အဆင့်ဆင့် ခံရပါသေးတယ်။ ထိုငရဲကြီး(၈)မျိုးတို့မှ လွတ်မြောက်၍လာသော ငရဲသားတို့သည် အကုသိုလ် လက်ကျန်တို့ဖြင့် ရှေးဦးစွာ ဘင်ပုတ်ငရဲကို ကျရောက်ပါတယ်။

(၁) ဘင်ပုတ်ငရဲဆိုတာ ငရဲမကြီးမှထွက်သော မီးတောက်မီးလျှံတို့၏ အဆုံး၌တည်ရှိပါတယ်၊ အနက်ယူဇနာတစ်ရာ၊ အကျယ်ယူဇနာ တစ်ရာရှိသော ကမ္ဘာနှင့်အမျှတည်သော မစင်ပုပ် ပင်လယ်ကြီးက ထိုငရဲမကြီးကို ရစ်မျက်နာမှ ဂိုက်ပတ်၍ စီးဆင်းနေပါတယ်။ ဘင်ပုတ်ငရဲ၏ အနံ့သည် အတွင်းသို့ရှင်း၊ အပြင်သို့ရှင်း၊ ယူဇနာတစ်ရာစီ ပျံ့နှံ့နေ၍ ထိုအနံ့ကို ခံရသော ပကတိလူသားသည် ရင်ကွဲ၍ သေလောက်အောင်ပင် နှိပ်စက်နိုင်ပါတယ်၊ ထိုမစင်ဘင်ပုတ်ငရဲသည် ချွန်ထက်သော သံနှုတ်သီးရှိကြတဲ့ ဆင်၏လည်ပင်းမျှ ပိန်းကောလှေတမျှ ကြီးမားလှတဲ့ ပိုးလောက်တို့သည် ပြည့်နက်လျှက်ရှိပါတယ်၊ ပိုးလောက်တို့က အရေစု အသားစု မျက်လုံးဦးနှောက် အဆုတ်-အသည်း အစရှိသည်တို့ကို ထိုးဆွ၍ စားသောက်ကြပြီး အရိုးတို့ကို ဖောက်ခွဲလျှက် ရိုးတွင်းခြင်ဆီတို့ကို စားသောက်ပြီးမှ စွန့်လွှတ်ကြပါတယ်။ ပိုးလောက်တို့ နေရာအနှံ့ ကိုက်ကြတဲ့ဒုက္ခ၊ ပုတ်အဲ့နေတဲ့အနံ့ကို မခံသာတဲ့ဒုက္ခ၊ မစင်ရေများ ပါးစပ်ထဲဝင်လို့ ခံရတဲ့ဒုက္ခ၊ စသော ဒုက္ခများစွာနဲ့ မစင်ကျင်ကြီး ဘင်ပုတ်ငရဲထဲမှ လွတ်အောင် ကြိုးစားကြရတယ်၊ အကုသိုလ်ကံ မကုန်မခြင်း ဘဝအသစ်အသစ် ဖြစ်ပြီး ခံနေကြရပါတယ်။

(၂) ပြာပူငရဲကတော့ ဘင်ပုတ်ငရဲမှ ထွက်လာသော အနံ့တို့၏ ပျံ့နှံ့ရာ ယူဇနာတစ်ရာ၏ အဆုံး၌ ဘင်ပုတ်ငရဲကို ရံလျှက် အရပ်ရှစ်မျက်နှာ ပတ်ဂိုက်၍ တည်နေပါတယ်။ အနက်+အနံ ယူဇနာတစ်ရာရှိလျှက် ကမ္ဘာပတ်လုံးတည်သော ရဲရဲငြီးသော ပြာသာဒ်အထွတ်လောက် ကြီးမားတဲ့ မီးကြီးခဲအပြည့်ဖြစ်တဲ့ ပြာပူပင်လယ်ကြီး ဖြစ်ပါတယ်။ ပြာပူငရဲမှထွက်သော အပူရှိန်တို့သည် အတွင်းအပတို့၌ ယူဇနာတစ်ရာ ပျံ့နှံ့ပူလောင်ပါတယ်၊ ယူဇနာတစ်ရာ၌ နေသော ပကတိလူကို တခဏချင်း လောင်ကျွမ်းစေနိုင်ပါတယ်။ ပိုးလောက်တို့၏ဒုက္ခ ဘင်ပုတ်ဒုက္ခတို့မှ လွတ်ခြင်းဌာ ပြေးလာကြကုန်သော

ငရဲသား သတ္တဝါတို့သည် ပြာပူငရဲ၌ ကျရောက်ကြပါတယ်၊ ပြာပူ၌ချအပ်သော မုန်ညင်းစေ့တို့ကဲ့သို့ ဖျစ်ဖျစ်ဖျစ်ဖျစ် မြည်ကုန်၍ ပျားဖရောင်းတို့ကဲ့သို့ အရိုးအသား အားလုံးတို့သည် ကြေမွပျက်စီးလျှက် အကုသိုလ်ကံ မကုန်မခြင်း ဘဝအသစ်အသစ် ဖြစ်ပြီး ခံနေကြရပါတယ်။

(၃) လက်ပံတော ငရဲသည် ပြာပူငရဲမှထွက်သော အပူရှိန်တို့၏ ပျံ့နှံ့ရာ ယူဇနာတစ်ရာ၏ အဆုံး၌ ပြာပူငရဲကို အရပ်ရှစ်မျက်နှာတို့၌ ပတ်ပိုက်လျှက် အနံယူဇနာတစ်ရာ အမြင့်ယူဇနာတစ်ရာရှိ၍ တစ်ဆယ့်ခြောက်လက်မခန့် ရှည်တဲ့ သံဖြင့်ပြီးတဲ့ လက်ပံဆူးတွေနဲ့အတူ ဓားသံလျက်ပမာ ချွန်ထက်သော အရွက်တို့နှင့် ပြည့်နေတဲ့ လက်ပန်တောကြီး ဖြစ်ပါတယ်။ အောက်မြေပြင်မှာလဲ သင်ဓုန်းသွားတို့နှင့် အပြည့် ရှိနေပါတယ်၊ ဆင်ပမာဏရှိကုန်သော ခွေး, ကျီး, လင်းတ,တို့၏ နေရာဌာနလဲ ဖြစ်ပါတယ်။ ပြာပူဒုက္ခမှ လွတ်ခြင်းငှာ ပြေးလာကြကုန်သော ငရဲသား သတ္တဝါတို့သည် လက်ပန်တော ငရဲသို့ ဆိုက်ရောက်ကြပါတယ်။ ထိုငရဲသို့ ကျရောက်လျှင် လက်ပန်ရွက်တို့သည် ထိုငရဲသားတို့၏ ဦးခေါင်းထက်၌ ဓားမိုး လှံမိုးကြီး ရွာသကဲ့သို့ ကြွေကြပါတယ်၊ ခန္ဓာကိုယ်မှ သွေးခဲ သွေးတုံးများ ကျကုန်သော် ကျီး ခွေး လင်းတတို့က ပိုင်းလျှက် ထိုးဆိတ် ကိုက်ခဲကြပြန်ပါတယ်၊ သင်ဓုန်းသွားအပြည့်ရှိသော မြေပေါ်ထွင် ပြေးကြရကုန်သော ငရဲသားတို့သည် သင်ဓုန်းသွားတို့၏ စူးရှမှု ဒုက္ခကြောင့် နာကျင်လျှက် လဲကျကုန်ပါတယ်၊ ထိုအခါ ကျီး ခွေး လင်းတတို့က အရိုးမျှ ကျန်သည်တိုင်အောင် သဘောရှိ စားသောက်ကြတယ်။ အချို့သော ငရဲသားတို့သည် လက်ပံပင်ပေါ်ကို တက်ပြေးကြပါတယ်၊ လက်ပံဆူးတွေက အောက်ဖက်ကို စိုက်နေလို့ ဓားနဲ့ထိုးသလို ခံရတယ်၊ သစ်ပင်ခွသို့ ရောက်သော ငရဲသား၏ အပေါ်သို့ လက်ပန်ရွက်တို့သည် ဦးခေါင်းထက်၌ငှင်း၊ ထိုထို ကိုယ်အင်္ဂါထက်သို့ငှင်း၊ ဓားမိုးလှံမိုးပမာ အပေါက်အပြတ် ဖြစ်သည်တိုင် ကြွေကျကုန်၍ ကျီး လင်းတတို့က ထိုးဆိတ်ကြပါတယ်၊ အောက်ဖက်သို့ ဆင်းပြန်လျှင် ဆူးတွေက အပေါ်သို့ ထောင်လာ၍ စူးဝင်ကြပါတယ်၊ မြေသို့ ရောက်သောအခါ ခွေးတို့က အရိုးကျန်သည်တိုင်အောင် စားသောက်ကြ၍ အကုသိုလ်ကံ မကုန်သမျှတော့ ဘဝအသစ်ဖြစ်ခါ ခံနေရတာပါပဲ။

(၄) သံလျက်ရွက်တော ငရဲဆိုတာ လက်ပန်တောငရဲ၏ ပြင်ပ၌ လက်ပန်တောကြီးနှင့် အလားတူစွာ အနံ+အမြင့် ယူဇနာတစ်ရာရှိသော အသိပတ္တ ခေါ်တဲ့ သံလျက်ရွက် သစ်တောကြီးက လက်ပန်တော ငရဲကို အရပ်ရှစ်မျက်နှာတို့၌ ပတ်ပိုက်၍ တည်နေပါတယ်။ တည်နေပုံကလဲ လက်ပန်တော ငရဲနှင့်တူသလို ခံရပုံခြင်းမှာလဲ အတူတူပဲ ဖြစ်ပါတယ်၊ ထိုငရဲ၌လဲ အကုသိုလ်ကံ မကုန်သမျှတော့ ဘဝအသစ်ဖြစ်ခါ ခံနေရတာပါပဲ။

(၅) ကြိမ်ပိုက်ချောင်း ငရဲကတော့ အသိပတ္တ တောကြီး၏ အပြင်ပ၌ အနက်ယူဇနာ တစ်ရာ၊ အကျယ်ယူဇနာ တစ်ရာရှိသော ဆားငန်ရေ ပင်လယ်ကြီးက ထိုသံလျက်ရွက်တော ငရဲကို ရှစ်မျက်နှာမှ ပိုက်ပတ်၍ စီးဆင်းနေပါတယ်။ ကမ်းနှစ်ဖက်တို့၌လဲ သံချွန်သံဆူးတို့ကို စိုက်ထူထားသကဲ့သို့ အလွန်ထက်လျှက် အဖြားချွန်သော သမန်းမြက်တော ပေါင်းကားမြက်တော ကြိမ်နွယ်တောတို့ ရှိပါတယ်၊ ရေအပြင်၌လဲ သင်ဓုန်းသွားကဲ့သို့ထက်သော သံဆူးသံရွက်တို့ဖြင့် ပြည့်သော ကြာရိုးကြာရွက်တို့က အပြည့် နေရာယူလျှက်ရှိပါတယ်၊ ရေအောက်၌ ထန်းလုံးကြီး ပေပင်လုံးကြီး ပမာဏရှိ အလွန်ထက်လျှက်

အဖြားချွန်သော သံတံကျင်တို့ကို အပြည့် စိုက်ထူလို့ ထားပါတယ်၊ ရေပြင်ပေါ်၌ သံဆူးသံရွှက်တို့ဖြင့် ပြည့်တဲ့ ထန်းလုံးပမာဏရှိ ကြိမ်နွယ်တို့သည် ကမ်းနစ်ဖက်နှင့်တကွ ပိုက်ကွန်တို့ဖြင့် ဖြန့်ကြက်ဘိသကဲ့သို့ မေးယှက်လို့လဲ ထားပါတယ်။

သံလျက်ရွက်တော ငရဲမှ နှစ်ပေါင်း အသောင်းများစွာ အသိန်းများစွာ ခံပြီး၍ ထိုငရဲမှ ထွက်ခွင့်ရကုန်သော ငရဲသား သတ္တဝါတို့သည် ကြိမ်ပိုက်ချောင်း ငရဲကို ကျရောက်ပါတယ်။ မြစ်ကမ်း၌ ရပ်နေသော ငရဲသားတို့ကို ငရဲထိန်းတို့က တုတ် လှံတန် လက်နက်တို့ဖြင့် ရိုက်ခတ်၍ ကြိမ်ပိုက်ချောင်း အတွင်းသို့ ဆင်းစေပါတယ်၊ ဆူးရှိသော မြက်တော ကြိမ်တောထဲကို ကြောက်ရွံ့စွာ ပြေးရသော ငရဲသားတို့၏ ခြေနှစ်ဖက်တို့တွင် အလွန်ထက်လျှက် အဖြားချွန်သော သမန်းမြက် ပေါင်းကားမြက် ကြိမ်နွယ်ဆူးတို့က ထိုးဖောက်သဖြင့် မပြေးနိုင်ကြပဲ မြေ၌လဲကျကုန်၏၊ ထိုငရဲသားတို့ကို ကြိမ်ပိုက်ချောင်းထဲသို့ ပစ်ချကုန်၏၊ ရေပြင်ပေါ်၌ သံဆူးသံရွှက်တို့ဖြင့် ပြည့်တဲ့ ထန်းလုံးပမာဏရှိ ကြိမ်နွယ်တို့ကို ကမ်းနစ်ဖက်နှင့်တကွ ပိုက်ကွန်တို့ဖြင့် ဖြန့်ကြက်ဘိသကဲ့သို့ မေးယှက်ထားသော ကြိမ်နွယ် ကြိမ်ရွက် ကြိမ်ဆူးတို့၏ အပေါ်သို့ ကျရောက်ကြကုန်သော ငရဲသားတို့၏ တစ်ကိုယ်လုံး၌ စူးရှပြတ်သတ်လျှက် ဒုက္ခဖြင့် မထနိုင်ကုန်၍ တလွန့်လွန့် တလက်လက်ဖြစ်လျှက် ကြိမ်နွယ်တို့၏အောက်သို့ လျှောကျကုန်သည်ရှိသော် အောက်၌ရှိသော သံတံကျင်တို့၏ ထပ်၌ ငါးများကို ငါးတံစို့နှင့် ထိုးသီ၍ ထားသကဲ့သို့ တလွန့်လွန့် တလက်လက် ဖြစ်ကုန်လျှက် ရှိကြပြန်ပါတယ်၊ ထိုမှ ပြုတ်ကျကုန်သော် အောက်၌ရှိနေသော ကြာရွက်အပြင်သို့ ကျရောက်ကုန်၍ ကြာရိုးကြာရွက်တို့၏ စူးရှမှုတို့ကြောင့် ခန္ဓာကိုယ်တို့သည် ဓား လှံ လက်နက်တို့ဖြင့် လှီးဖြတ် တောက်မွှန်း၍ ထားအပ်ကုန်သကဲ့သို့ နီနီရဲရဲ သွေးတုံးသွေးခဲ အသားတုံး အသားခဲ အနာတုံး အနာခဲဖြစ်လျှက် အလွန်ခါး ငန်လှစွာသော ဆားရေတွင်းသို့ ကျရောက်လေသော် ပြင်းထန်သော ဒုက္ခဝေဒနာတို့ဖြင့် လူးလားစုန်ဆန် နစ်မွန်းမျောပါး ကြရပြန်ပါတယ်။

ရှည်ကြာလှစွာသော နှစ်ကာလတို့ကို လွန်သည်ရှိသော် ငရဲသား သတ္တဝါတို့ကို ငရဲထိန်းတို့သည် သံချိတ်တို့ဖြင့် ချိတ်တင်၍ မြစ်ကမ်းထိပ်သို့ တင်ပြီး အဘယ်ကို အလိုရှိပါသနည်းလို့ မေးကြပါတယ်၊ အချို့က ထမင်း၊ အချို့ကရေကို အလိုရှိပါသည်လို့ ပြောကြတယ်။ ရဲရဲတောက်နေသော သံတွေခဲကို ထမင်းအဖြစ် ပေးပါတယ်၊ သံရေပူတွေကို ရေအဖြစ် ပေးပါတယ်။ ငရဲသားက မစားလျှင် မသောက်လျှင် ပါးစပ်ကို အပေါ်အောက် သံချိတ်နဲ့ဆွဲလို့ ဖွင့်တယ်၊ ထိုသံတွေခဲ သံရေပူတွေကို ပါးစပ်ထဲကို ထည့်လောင်းပေးပါတယ်၊ သံတွေခဲ သံရေပူတွေက ငရဲသား သတ္တဝါတို့၏ နှုတ်ခမ်း ခံတွင်း လည်ချောင်း အသည်း အူသိမ် အူမတို့ကို လောင်ကုန်လျှက် အောက်ဒွါရမှ ထွက်စေကုန်ပါတယ်။

တစ်ဖန် ငရဲကံ မကုန်ကြသေးတဲ့ သူတွေကို ငရဲထိန်းတို့သည် ခြေကိုကိုင်၍ အလယ် ငရဲမကြီးတို့ အတွင်းသို့ ပစ်ချကြပြန်ပါတယ်၊ ငရဲမကြီးတို့၌ နှစ်များစွာခံလျှက် လွတ်ပြန်ပါလျှင် ငရဲငယ် (၅) ထပ်ကို အစဉ်အတိုင်း ခံရပြန်ပါတယ်၊ ငရဲကံ မကုန်ကြသေးလျှင် အပြန်တစ်ရာ ရှိစေကာမူ လွတ်ခွင့်မရှိဟု လူမျိုးမရွေး ဘာသာမရွေး အကြီးအငယ် မခွဲခြားပဲ ကျရောက်တတ်ပါတယ်လို့ ဒေသနာတော်များက ဟောထားပါတယ်။ ဩော်.. ငရဲ ငရဲ လူတွေနဲ့ အလှမ်းမဝေးပဲ အမှားတစ်ခု ပြုမိကြံမိ ကြရုံမျှဖြင့် ကျရောက်တတ်ပုံကို အကြောင်းကြုံက ပြောပြလိုက်ချင်ပါသေးတယ်။

သတ္တဂါမှန်သရွေ့ တရားတွေ ချမ်းမြေ့သာယာ ရှိကြပါစေ။

လေးစားစွာဖြင့်… ကျနော်  ဘုန်းသျှံ    (၂၂-၀၆-၂၀၁၁)။